# သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံသည် လူမှောင်ခိုကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများကိုကာကွယ်တားဆီးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး၊ မြန်မာ့ တပ်မတော် (ရေ) နှင့် တပ်မတော် (လေ) တို့မှ မိမိတို့ ပိုင်နက် ရေပြင်အတွင်း ပုံမှန်ကင်းလှည့်မှုများပြုလုပ်လျက်ရှိပါသည်။ ယင်းသို့ ပုံမှန်ကင်းလှည့်စဉ်၊ ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသည့် လှေစီးသွားလာသူ (၂၀၈) ဦးကို (၂၁-၅-၂၀၁၅) ရက်နေ့၌တွေ့ရှိခဲ့ရာ၊ လူသားချင်းစာနာထောက်ထားသည့် အနေဖြင့် ကယ်တင်ခဲ့ပါသည်။ အဆိုပါလှေစီးသွားလာသူများကို ရခိုင်ပြည်နယ်၊ တောင်ပြို (လက်ဝဲ)မြို့တွင် ယာယီစောင့်ရှောက် ပေးထားပါသည်။

၂။ အဆိုပါလှေစီးသွားလာသူ (၂၀၈) ဦးအား ၎င်းတို့နေရပ်သို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ လိုအပ်သောစိစစ်မှုများကို ပြုလုပ်ပြီး တွေ့ရှိချက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ အကြောင်းကြား အသိပေးပြီးဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းများအရ ဘင်္ဂလားဒေ့ရှ်ဘက်မှလည်း စိစစ်မှုများပြုလုပ်နိုင်ရန် ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုများကို စီစဉ်ပေးခဲ့ရာ၊ စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်နှင့်အဖွဲ့က မြန်မာဘက်မှ စိစစ်တွေ့ရှိချက်များအပေါ် အခြေခံလျက် လိုအပ်သောစိစစ်မှုများ ထပ်မံပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၃။ (၂၉-၅-၂၀၁၅) ရက်နေ့တွင်လည်း မြန်မာ့ တပ်မတော် (ရေ) မှ ပင်လယ်ပြင်လုံခြုံရေး တာဝန်ထမ်းဆောင်စဉ် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အရှေ့တောင်ဘက် မြန်မာနိုင်ငံ ပိုင်နက် ရေပြင်အတွင်း သံသယဖြစ်ဖွယ် ငါးဖမ်းလှေတစ်စီးကိုတွေ့ရှိခဲ့ပါသည်။ ယင်းလှေပေါ်တွင် အမျိုးသား၊ အမျိုးသမီး၊ ကလေး စုစုပေါင်း (၇၃၄) ယောက်ပါရှိကြောင်း တွေ့ရှိရပါသည်။ ဖော်ပြပါ လှေစီးသွားလာသူများကိုလည်း မူလလာရောက်သည့်နေရာသို့ ချောမွေ့ မြန်ဆန်စွာ ပို့ဆောင်သည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် အမျိုးသမီးနှင့် ကလေးများအား တောင်ပြို(လက်ဝဲ)မြို့အနီး ယာယီနေရာ၌လည်းကောင်း၊ ကျန်လူများအား တောင်ပြို(လက်ဝဲ)မြောက်ဘက် ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်မှတ်တိုင်(၃၇)အနီး၌ ယာယီအမိုးအကာပေး၍လည်းကောင်း လူသားချင်းစာနာ ထောက်ထားသည့်အနေဖြင့် စောင့်ရှောက်မှုများ ပြုလုပ်ထားပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် လှေစီးသွားလာသူများအား အမြန်ဆုံး သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သံတမန်လမ်းကြောင်းဖြင့် အဆက်မပြတ် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ ၃-၆-၂၀၁၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်မှ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား နေပြည်တော်သို့ ခေါ်ယူတွေ့ဆုံခဲ့ပါသည်။ ယင်းသို့တွေ့ဆုံခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးမှ လှေစီးသွားလာသူများကို မြန်မာနိုင်ငံက လူသားချင်း စာနာထောက်ထားမှုရှုထောင့်အရ ယာယီစောင့်ရှောက်မှုပေးထားလျက်ရှိကြောင်း၊ ကောင်စစ်တွေ့ဆုံမှုပြုပြီး စိစစ်အတည်ပြုပြီးသည့် မြန်မာနိုင်ငံတွင် ယာယီစောင့်ရှောက်မှု ပေးထားသူများအား အမြန်ဆုံးပြန်လည်ခေါ်ယူရန် တိုက်တွန်းကြောင်း ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးမှ မိမိအစိုးရသည် ဤကိစ္စကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် အားလျော်စွာအမြန်ဆုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ခေါ်ယူမှု လုပ်ငန်းစဉ်ကို လာမည့် ၇-၆-၂၀၁၅ ရက်နေ့တွင် စတင်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

၆။ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူများနှင့် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများ ပူးပေါင်းလျက် ၄-၆-၂၀၁၅ ရက်တွင် နောက်ထပ်ယာယီ စောင့်ရှောက်ထားသည့် လှေစီးသွားလာသူများကို ကောင်စစ်တွေ့ဆုံမှုများ စတင်ပြုလုပ်သွားမည် ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွား၊ နိုင်ငံတကာ မျက်နှာစာတွင် နိုင်ငံတော်၏အကျိုးစီးပွားတို့ကို အကောင်းဆုံး ကာကွယ် စောင့်ရှောက်နိုင်ရန် လှေစီးသွားလာသူများကိစ္စကို အလေးအနက်စဥ်းစားလျက် လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးအပ်ကာ မူရင်းထွက်ခွာရာနေရာများသို့ ပြန်လည်ပို့ဆောင်ရေးကို စီမံဆောင်ရွက်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်။

**Press Release**

1. Myanmar is making serious efforts to prevent human smuggling and illegal migration while Myanmar Navy and Air Force are regularly patrolling its territorial water. On 21 May 2015, during patrolling, Myanmar Navy found a boat with 208 people and rescued them on humanitarian ground. They are given temporally shelters at Taung Pyo (Let Wai), Rakhine State.

2. In order to send them back to their place of origin expeditiously, the findings from the verification process were sent to the Bangladeshi side through diplomatic channel. According to the procedures, consular access was permitted to the Bangladeshi side to make necessary verification based on the verification results of the Myanmar side.

3. Also on 29 May 2015, while Myanmar Navy was on duty patrolling for the safety of territorial water, they spotted a suspicious fishing vessel located at southeast of Pyapon Township of Ayeyarwaddy Region. On the boat, 734 men, women and children were found. In order for them to return back to their original place, women and children are kept at temporary places near Taung Pyo (Let Wai) and the remaining people are kept at temporary shelters near Boundary Pillar No. 37 from Bangladesh border, north of Taung Pyo (Let Wai) on humanitarian grounds.

4. Myanmar is deploying all diplomatic means with the country concerned through diplomatic channel to send the boat people back to their place of origin.

5. On 3 June 2015, Union Minister for Foreign Affairs U Wunna Maung Lwin received the Bangladeshi Ambassador to Myanmar, at Nay Pyi Taw. During the discussion, the Union Minister said that Myanmar is providing temporary shelters to the boat people on humanitarian grounds and urged the Bangladeshi side to expeditiously receive back the people who are given temporary shelters after completing the verification process. The Bangladeshi Ambassador said his government has given priority on the matter and as bilateral relations between the two countries are flourishing, necessary preparations are being carried out expeditiously. He also replied that the repatriation process will begin on 7 June 2015.

6. Officials from the Embassy of People's Republic of Bangladesh in Yangon and Bangladesh Consulate in Sittwe will begin consular access on 4 June 2015 to the above-mentioned rescued people who are given temporary shelters.

7. While the Government of Myanmar is protecting the interests of its people as well as the interests of the country in the international community, arrangements are being made to send the rescued boat people back to their place of origin by taking serious consideration on the matter on humanitarian grounds.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**June 3, 2015**